
THE
FLOWER MOON
TRANSLATION TEAM
ပူကြူးလေးရဲ့ စူပါဒယ်ဒီ
(Chapter 13 - 26)
စာစဥ် - ၂

# အပိုင်း(၁၃)

## နောက်ထပ် ရန်သူတစ်ယောက်။

ရှုရှီယန် မသိသည်ကို တွေ့သောအခါ ဟွာယိုရှန်၏အကြောင်း သတင်းများအား သူမကိုပြောပြရန် လိုအပ်သည်ဟု ဖန်ရှောင်ချန် တွေးမိလေသည် ။

အင်္ဂလိပ်အမည် အယ်ဗစ်(စ်) ။ အရင်က သရုပ်ဆောင် မင်းသားတစ်ယောက်ပင် ။ အသက်၂၁နှစ်တွင် တစ်ကမ္ဘာလုံးဆိုင်ရာ အကောင်းဆုံးအမျိုးသားသရုပ်ဆောင်ဆုကို (ဘဝရဲ႕၄နာရီ) ဇာတ်ကားဖြင့်ရခဲ့သည် ။ ဟောလီဝုဒ်၏ 'အရှေ့တိုင်းမှဘုရင်' တစ်ပါးအဖြစ် တင်စားကြသည် ။ ထိုသူသည် အနုပညာလုပ်ငန်းတွင် ကြည်လင်သန့်ရှင်းသော စမ်းချောင်းလေးတစ်ခုကဲ့သို့ပင် ။ ပွဲဦးထွက်သည့်အချိန်ကတည်းမှ သူ့တွင် မည်သည့် မကောင်းသတင်းမျှ မထွက်ခဲ့ပေ ။ အနောက်နိုင်ငံများတွင် သူ၏လုပ်ငန်းလုပ်ကိုင်ရာ၌ ဂုဏ်သိက္ခာရှိရှိ ၊ အားကြိုးမာန်တက် ကြိုးစားလုပ်ခြင်းပေ ။ တကယ့်ကို နိုင်ငံ၏ ရတနာတစ်ပါးပင် ဖြစ်သည် ။

ထိုလုပ်ငန်းများမှ အနားယူကာ တရုတ်သို့ပြန်လာပြီးနောက်တွင် ဟွာလုပ်ငန်းစု၏ တစ်ဦးတည်းသော အကြီးအကဲ ဖြစ်လာရုံသာမက ယွန်ဟိုင်းအနုပညာလုပ်ငန်း၏ လက်ရှိ

ဥက္ကဌဖြစ်လာသည် ။

စီးပွားရေးပင်ဖြစ်စေ ၊ သရုပ်ဆောင်သည်ဖြစ်စေ ထိုသူတွင် တမူထူးခြားသော ထိုးထွင်းဉာဏ်နှင့် အမြင်ရှိသည် ။ အမြဲတမ်းပင်

အလုပ်များ၌ တိတိကျကျ ပြတ်ပြတ်သားသား လုပ်ဆောင်တတ်သည် ။ ဟွာယိုရှန်၏ လက်ရှိ ဩဇာအာဏာ နှင့် ရာထူးများကြောင့် ခြေဆောင့်နင်းရုံမျှဖြင့် ပေကျင်းတစ်မြို့လုံး တုန်လှုပ်သွားနိုင်သည် အထိ စွမ်းဆောင်နိုင်သည် ။

ထိုအကြောင်းများအား ရှုရှီယန် အမှန်တကယ် မသိခြင်းပေ ။

"အယ်ဗစ်ကို ဟွာယိုရှန်ဖြစ်မှန်း ငါမထင်ထားဘူး။"

အယ်ဗစ်ကို သူမ သိသည် ။ အီစတန်တွင် သူမနေထိုင်သည့်အချိန်၌ ထိုသူ၏ ဇာတ်ကားများ ကြည့်ဖူးကာ အကောင်းဆုံးအမျိုးသားဆု ထိုက်တန်သည့်သူ ဖြစ်ကြောင်းသိထားလေသည် ။

ဟွာယိုရှန်၏ သတင်းများအားကြားပြီးနောက်တွင် တခနတာအတွင်း သူမ တွေးမိသောစကားလုံးသည် ‘f**k’ ။

ထိုသတင်းများကြောင့် ရှုဂျင်ရှန် ၊ ချူယုဟီတို့နှစ်ယောက် နှင့် ရင်ဆိုင်ရန် ခက်ခဲမည်ပင် ။

သူတို့ရဲ့နောက်ကွယ်မှာ တကယ့်ထိပ်တန်းသူဌေးတစ်ယောက် ရှိမယ်လို့ ဘယ်သူက ထင်မှာလဲ ။

ဒါပေမယ့် ဘာဖြစ်လဲ ။

ရှုဂျင်ရှန် ၊ ချူယုဟီ တို့၏ မိတ်ဆွေသည်လည်း သူမ၏ရန်သူပင် ။

"သူဘယ်သူဘဲဖြစ်ဖြစ် ငါဂရုမစ်ိုက်ဘူး ။ င့ါလမ်းကြောင်းကို ပိတ်နေတဲ့ သူတိုင်း င့ါရန်သူဘဲ။"

ရှုရှီယန် ပြတ်ပြတ်သားသားပင် ဆုံးဖြတ်လိုက်သည် ။ ရှုရှီယန်၏ စကားလုံးများအား ယင်ဘာအို ကြားသည့်အခါ ရှုရှီယန်၏လက်မောင်းကို ဖက်၍ ခိုင်မာစွာ ထောက်ခံလိုက်သည် ။

"သမီးလည်း ဂရုမစိုက်ဘူး ။ ရှီဘေဘီရဲ့ လမ်းကြောင်း ပိတ်သမျှလူတိုင်း ယင်ဘာအိုရဲ့ရန်သူဘဲ။"

ဖန်ရှောင်ချုန် ထိုနှစ်ယောက်အားကြည့်ကာ မည်သည့်စကားမျှ ပြန်မပြော နိုင်တော့ပေ ။

အမလေး.....ငါ တခြားသူတွေထက် ဒီနှစ်ယောက်ကို ထိုင်ကန်တော့ လိုက်သင့်တာ ။

ဖန်ရှောင်ချုန်သည် ရှုရှီယန်အား ထောက်ခံပါသော်လည်း သူမ၏ ထောက်ထားစာနာမှုအရ ဟွာယိုရှုန်သည် လူဆိုးဖြစ်ကြောင်း သူမ မခံစား ရပေ ။

"တကယ်တမ်းဆို သူလည်း ကံကောင်းခဲ့တာမဟုတ်ဘူး ။ အရှေ့တိုင်း ဘုရင်အနေနဲ့ တရုတ်ကိုပြန်လာပြီး မကြာဘူး ၊ ကားအက်စီးဒန့်ဖြစ်ပြီး အချိန်အကြာကြီး မသန်မစွမ်းဖြစ်နေတာ ။ အခုမှ ပိုးချဲပေါ်ဘဲ ထိုင်နိုင် သေးတာ။"

ဖန်ရှောင်ချုန် ထိုစကားများပြောနေသည့်အချိန်၌ အတိတ်တွင် 'ဇာတ်ကားများ၏ဘုရင်'ဟု တင်စားခဲ့ရသော ထိုလူအတွက် သနားကြင်နာ မှု ၊ ကိုယ်ချင်းစာနာမှုများ အပြည့်နှင့်ပင် ။

"ဘာတွေပြောနေတာလဲ ။ အကြောသေသွားတာ ဟုတ်လား။"

ရှုရှီယန် တစ်ခုခုထူးဆန်းစွာ ခံစားလိုက်ရသည့်အတွက် မေးလိုက်ခြင်းပေ ။

စူပါစတားတစ်ယောက်က ရုတ်တရက် ဘယ်လိုလုပ် ကားအက်စီးဒန့်ဖြစ် ရတာလဲ ။ မသန်မစွမ်းဖြစ်ရတာလဲ ။

"ဟုတ်ပ့ါဟယ် ။ မိုးကောင်းကင်ကလည်း လူတော်လူကောင်းတွေကို မ

နာလိုများ ဖြစ်နေသလားမသိပါဘူးအေ ။"

ဖန်ရှောင်ချန်သည် ရှုရှီယန်အား သတင်းစကားများစွာ ပြန်ပြောသည်သာ မက သူမ၏ဖုန်းထဲမှ လက်တလောသတင်းများပင် ပြလိုက်သေးသည် ။ ထို့နောက် ရှုရှီယန်အား ထူးထူးခြားခြား ပြောလိုက်သည် ။

"ဒါပေမယ့် လူတွေပြောနေကြတာကတော့ ဖြစ်ခဲ့တဲ့ မတော်တဆမှုက ကြိုတင်ကြံစည်ထားတာတဲ့။"

"ဘယ်သူကများ သူ့ကို ထိခိုက်စေချင်တာလဲ မသိဘူး။"

ရှုရှီယန် မသိမသာပင် သူမရင်ထဲ၌ ဝမ်းနည်းမှုကို ခံစားလိုက်ရသည် ။ ဟွာယိုရှန်၏ မတော်တဆမှုသည် သူမ လိုင်းပေါ်မှခင်သော သူငယ်ချင်း ဖြစ်သူ ၊ 'ဝေး '၏ဖြစ်ရပ်နှင့် ခပ်ဆင်ဆင်ပင် ။

"သူရဲ့ ဆက်ဆံမှုအေးစက်စက် ပုံစံကများ တစ်ယောက်ယောက်ကို စိတ် အနှောင့်အယှက်ဖြစ်အောင် လုပ်မိလို့များလား မသိဘူး ။"

ဖန်ရှောင်ချန် သက်ပြင်းတစ်ခါ ထပ်ချလိုက်သည် ။ ရှုရှီယန်ကမူ မည်သည့်မျှ ဝင်မပြောချေ ။ ဤ၌ပင် သူတို့နှစ်ယောက်၏ စကား အဆုံးသတ်ခဲ့သည် ။

.........

ပေကျင်းလေဆိပ်တစ်နေရာ ။

ခရီးစဉ်အား ရုတ်တရက် ပယ်ဖျက်လိုက်သော ဟွာယိုရှန်သည် လေဆိပ် ဝန်ထမ်းမှ ပေးထားသော မှတ်တမ်းဓာတ်ပုံတစ်ခုနှင့် လူများမည်စိုး၍ နှိုင်းယှဉ်ကာရှာဖွေနေသည် ။ သူစောင့်ဆိုင်းနေသော မိန်းကလေးနှင့် မှတ်တမ်းမှ အမျိုးသမီးသည် အလွန်ပင် ကွဲပြားခြားနားနေသည် ။ လုံးဝပင် တစ်ဦးတည်းမဖြစ်နိုင်ချေ ။

"သခင်လေး နာမည်တူတာဘဲ နေမှာပါ။"

လက်ထောက်ရီရှောင်သည် ဂရုတစိုက် အရိပ်တကြည့်ကြည့် နှင့် ပြောသည် ။ ဤအချိန်၌ဖြစ်နေသော သူဌေးဖြစ်သူ၏ ခံစားချက်အား သူနားလည်ပေသည် ။ အရမ်းပင် နာကျင်နေပေလိမ့်မည်။

***